
အချက် ၂။ ဈေးဝယ်နည်း


အချက် ၁ မှ အသင်းဝင်ခြင်း ပြုလုပ်ပြီးလျှင် LOGIN ကို နှိပ်ပါ။




ဝင်ပြီးရင် အနီအကွက်ထဲမှာ အသင်းဝင်ခြင်းထဲမှာ ဖြည့်စွက်ထားတဲ့ ID နဲ့လျှို့ဝှက်နံပါတ်ကို ထည့်ပေးပါ။

ပြီးလျှင် အစိမ်းရောင် အကွက်လေးကို အမှန်ခြစ်ပေးရင် ထပ်ပြီးLOGIN လုပ်စရာ မလိုတော့ပါ။

ပြီးလျှင် LOGIN ဆိုတဲ့ ခလုတ်ကို နှိပ်ပါ။




LOGIN နိပ်ပြီးလျှင် အပေါ်ကပုံ အတိုင်း ပထမစာမျက်နှာပေါ်လာပါမည်။

အနီရောင် မြားပြထားတဲ့အတိုင်း အောက်ကို ဆွဲချပေးရင်




ပုံအတိုင်း CATEGORY ဆိုတဲ့ဟာကို တွေ့ပါလိမ့်မယ်။

CATEGORY မှာတော့ ကိုယ်ကြိုက်တဲ့ ပစ္စည်းတွေကို ဂဏ္ဍအလိုက် ရှာဖွေနိုင်ပါတယ်။

ကိုယ်ကြိုက်တဲ့ ပစ္စည်း ရှာတွေ့ပြီဆိုရင် တော့ အဲဒီပစ္စည်းကိုနိပ်လိုက်ပါ။




နှိပ်လိုက်ရင် ပုံအတိုင်း ပေါ်လာပါလိမ့်မယ်။

ပစ္စည်းကို ဝယ်ခြင်တာ သေချာပြီဆိုရင်တော့ အနီရောင်နဲ့ဖေါ်ပြထားတဲ့ CART ဆိုတဲ့ ခလုတ်ကို နှိပ်ပါ။




CART နှိပ်လိုက်ရင် ပုံအတိုင်း ပေါ်လာပါမယ်။

အနီရောင်နဲ့ ဖေါ်ပြထားတဲ့နေရာမှာတော့ ပစ္စည်းအလိုက်ကွဲပြားနိုင်ပါတယ်။ အဲဒီနေရာမှာတော့ ကိုယ်လိုခြင်တဲ့ အရောင်/အရွယ်အစား/အလေးချိန် ဒါတွေကို မဖြစ်မနေ ဖြည့်စွက်ပေးပါ။

အစိမ်းရောင်နဲ့ပြထားတဲ့နေရာကတော့ ကိုယ်လိုခြင်တဲ့ အရေအတွက်ကို ထည့်မယ့်နေရာဖြစ်ပါတယ်။

အပြာရောင်နဲ့ ပြထားတဲ့နေရာကတော့ ပစ္စည်းကို ဖြတ်သိမ်းခြင်တဲ့အခါမှာ နှိပ်လို့ရပါတယ်။

အားလုံး သေချာပြီဆိုရင် လိမ္မော်ရောင်နဲ့ပြထားတဲ့ CART ကို ထပ်ပြီး နှိပ်ပေးပါ။





CART ကို နှိပ်ပြီးရင် ပုံအတိုင်း ပေါ်လာပါမယ်။

အစိမ်းရောင်နဲ့ ဖေါ်ပြထားတဲ့ CART ကတော့ ဈေးဝယ်လှည်းကို သွားတဲ့ ခလုတ်ဖြစ်ပါတယ်။

အနီရောင်ကတော့ ဈေးဝယ်မှု ဆက်လက်ပြုလုပ်ခြင်တဲ့ သူတွေအတွက် ဖြစ်ပါတယ်။

အနီရောင်ခလုတ်နှိပ်ပြီး ကိုယ်ထည့်ထားတဲ့ ပစ္စည်းတွေကို ကြည့်ခြင်ရင် ညာဘက်ထောင့်မှာ ရှိတဲ့ အပြာရောင် ခလုတ်ကို နှိပ်လိုက်ပါ။

**အခုတော့ ဈေးဝယ်မှာ ဖြစ်တဲ့ အတွက် အစိမ်းရောင်နဲ့ ပြထားတဲ့ CART ကို နှိပ်ပါ။**




CART ကို နှိပ်လိုက်ရင် ပုံအတိုင်း ပေါ်လာပါမယ်။

ဈေးဝယ်လှည်းထဲမှာလည်း အပြာရောင်ဖြင့် ဖော်ပြထားတဲ့ နေရာကနေ အရေအတွက် ကို ပြောင်းလို့ရပါတယ်။

အပေါ်မှာရှိတဲ့ လိမ္မော်ရောင်အကွက်ကို အမှန်ခြစ်လိုက်ရင် ရွေးချယ်ပစ္စည်း ဖြစ်သွားပါတယ်။ ပစ္စည်းအရမ်းများပြီးတော့ ကိုယ်လိုချင်တဲ့ ပစ္စည်းက နှစ်ခုသုံးခုဘဲ ဆိုရင် အမှန်ခြစ်ပြီးတော့ ရွေးချယ်ပစ္စည်းအဖြစ် မှာယူလို့ရပါတယ်။

အနီရောင်ဖြင့် ဖော်ပြထားတဲ့ နေရာကတော့ ဈေးဝယ်လှည်းထဲမှာရှိတဲ့ ပစ္စည်းအားလုံးကို မှာယူတဲ့ အခါ နှိပ်ပေးပါ။

အားလုံးသေချာပြီဆိုရင် ရွေးချယ်ပစ္စည်း(သို့)ပစ္စည်းအားလုံး မှာယူခြင်းကို နှိပ်ပါ။




မှာယူခြင်းကို နှိပ်လိုက်ရင် ပို့ဆောင်ခြင်း အချက်အလက်ကို ဖြည့်ရပါမယ်။

ပို့ဆောင်ခြင်းအချက်အလက်ကတော့ တစ်ခါဖြည့်ပြီးရင် နောက်တစ်ခါ ပြန်၍ အသုံးပြုနိုင်ပါတယ်။

အနီရောင်အကွက်မှာတော့ မိမိနာမည်ကို ရေးပေးပါ။

အစိမ်းရောင်မှာတော့ ကိုးရီယားမှာ ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်နဲ့ အီးမေးလ်ကို ရေးပေးပါ။

လိပ်စာအတွက်ကတော့ အပြာရောင်နဲ့ဖေါ်ပြထားတဲ့ စာတိုက်နံပါတ်ကို နှိပ်ပါ။





နှိပ်လိုက်ရင် ပုံအတိုင်းပေါ်လာပါမယ်။

အနီရောင်နဲ့ ဖေါ်ပြထားတဲ့ နေရာမှာ မိမိရဲ့ လိပ်စာရဲ့ လမ်းအမည်နှင့် အိမ်နံပါတ်ကို ရေးပေးရင်

အစိမ်းရောင်နဲ့ ဖေါ်ပြထားတဲ့ အတိုင်း ပေါ်လာပါမယ်။ မှန်တယ်ဆိုရင် အစိမ်းရောင်အကွက်ထဲမှာ ရှိတဲ့ လိပ်စာကို နှိပ်လိုက်ပါ။

လိပ်စာမသိတဲ့ သူတွေအတွက်ကတော့ မိမိရဲ့ကိုးရီးယား ID ကဒ်နောက်ပိုင်းမှာ ဖေါ်ပြထားပါတယ်။




နှိပ်လိုက်ရင် လိပ်စာနေရာမှာ အောက်ပါအတိုင်း ပေါ်လာပါမယ်။

အနီရောင်နဲ့ ဖေါ်ပြထားတဲ့နေရာမှာတော့ အိမ်အမည်/အထပ်/အခန်းနံပါတ် စတဲ့ လိပ်စာ

အပြည့်အစုံကို ရေးပေးပါ။




လိပ်စာအချက်အလက် ဖြည့်ပြီးရင် အောက်ကို ဆင်းသွားပြီတော့ အနီရောင်နဲ့ ဖေါ်ပြထားတဲ့နေရာမှာ အမှန်ခြစ်ခြစ်ပေးပါ.။

ပြီးရင် အစိမ်းရောင်နဲ့ ဖေါ်ပြထားတဲ့ ငွေချေရန်ကို နှိပ်ပေးရင် ဈေးဝယ်ခြင်းပြီးပါပြီ။

ငွေချေနည်းအတွက်ကတော့ ငွေခြေရန်ကိုမနှိပ်ခင်အောက်ကိုဆင်းသွားရင် ရှင်းပြပေးထားပါတယ်။

ပျော်ရွှင်စွာ ဈေးဝယ်နိုင်ကြပါစေ။

နားမလည်တာရှိရင် Shoppingstar-k ရဲ့ ဖုန်းနံပါတ်ဖြစ်တဲ့ 1644-7975 ကို ဆက်သွယ်ပေးပါ